# (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
# နံနက်ပိုင်း အစီအစဉ်
## ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာဝင်းမြင့် ၏
## အဖွင့်နှုတ်ခွန်းဆက်အမှာစကား

၂၉-၁၀-၂၀၁၅ နေပြည်တော်၊ MICC-II

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက် လာကြပါသော၊ ကိုယ်စားလှယ်တော်ကြီးများ **မင်္ဂလာ နံနက်ခင်းပါ** လို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ အခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များရော၊ တိုင်းရင်းဆေးနဲ့နှီးနွယ်တဲ့ ပညာရှင်ကိုယ်စားလှယ်များပါ စုံစုံညီညီ၊ ကျန်းကျန်းမာမာနဲ့ တွေ့ဆုံခွင့် ရတာ၊ ကျနော့်အနေနဲ့ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရတာ၊ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း ပြောကြားပါရစေ။

နှစ်စဉ် ယခုလို အေးမြတဲ့ ဒီဇင်ဘာလမှာ ကျနော်တို့တစ်တွေ ဆုံတွေ့ဆွေးနွေးညှိနှိုင်းကြပြီး၊ မြန်မာ့တိုင်းရင်းဆေး တိုးတက်ရာ၊ တိုးတက်ကြောင်းသယ်ပိုး ဆောင်ရွက်ကြနိုင်ရေး ဦးတည်ပြီး၊ ညီလာခံတွေ ကျင်းပခဲ့တာ (၁၆)ကြိမ်မြောက် ရှိပြီ ဖြစ်ပါတယ်။ (၁၆)နှစ်ခရီးတစ်လျှောက်မှာ ညီလာခံတွေ အဆိုပြုချက်/ထောက်ခံချက်များဟာ သူ့အချိန်အခါနဲ့ လိုက်လျောညီထွေရှိအောင်၊ ကိုယ်စားလှယ်များက အဆိုတင်သွင်းကြ၊ ထောက်ခံကြခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီ အဆိုပြုချက်တွေကို တဖြည်းဖြည်းချင်း၊ အကောင်အထည်ပေါ်ခဲ့တာတွေလည်းရှိ၊ အချို့လည်း

အချိန်ကာလပေးပြီးမှ စီစဥ်ဆောင်ရွက်ရမှာတွေလည်း ရှိပါတယ်။ ယခုနှစ်ညီလာခံမှာတော့ တင်ပြကြမယ့် တိုင်းရင်းဆေးဆိုင်ရာ အဆိုပြုချက်တွေကို၊ ဒုတိယနေ့ နှီးနှောဖလှယ်ပွဲမှာ လက်တွေ့ဆောင်ရွက်နိုင်မယ့် action/ plan တွေကို ဆွေးနွေးညှိနှိုင်းကြမှာဖြစ်လို့ လက်တွေ့အကောင်အထည်ပေါ်လာမယ့် နည်းလမ်းတွေ ထွက်ရှိလာမှာ ဖြစ်ပါတယ်။ ကျနော်တို့ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့အတူ ကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများ၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယနေ့ (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံရဲ့ နံနက်ပိုင်း အစီအစဥ်မှာ အဆိုပြုချက် (၂)ခုကို အဆိုတင်သွင်းပြီး၊ ထောက်ခံဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အစီအစဥ်များ ဆက်လက်ဆောင်ရွက်နိုင်ဖို့ အခမ်းအနားမှူးများက ဆက်လက်ဆောင်ရွက်နိုင်ပါရန် လွှဲပြောင်း ပေးအပ်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ ။